ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



အေနောင်ပုလဲကျေးရွာ ၊ ဆောင်ဒူလာကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## အနောက်ပုလဲကျေးရွာ ၊ ဆောင်ဒူလာကျေးရွာအုပ်စု


### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ........................................ ၁
ဆောင်ဒူလာကျေးရွာအုပ်စုမြေပုံ ........................................ ၂
ဆောင်ဒူလာကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ........................................ ၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ........................................ ၄
လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက် ........................................ ၅
ကျေးရွာသမိုင်းအကျဉ်းချုပ် ........................................ ၆
ဥတုရာသီ ပြက္ခဒိန် ........................................ ၇
ဥတုရာသီပြက္ခဒိန် သုံးသပ်ချက် ........................................ ၈
ကျား/မ ပင့်ကူအိမ် ........................................ ၉
ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ........................................ ၉
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ........................................ ၁၀
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ........................................ ၁၁
ရာသီခွင်ပြ ပြက္ခဒိန် ........................................ ၁၂
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ........................................ ၁၃
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ........................................ ၁၄
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ........................................ ၁၅
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1) ........................................ ၁၆
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2) ........................................ ၁၉
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3) ........................................ ၂၀
ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4) ........................................ ၂၃
ကျေးရွာအစည်းအဝေးမှတ်တမ်းများ ........................................ ၂၄
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ........................................ ၂၆

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# ဆောင်ဒူလာကျေးရွာအုပ်စုမြေပုံ



## ဆောင်ဒူလာကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ကွိုင်ငံရွာသစ် | ၆၉ | ၁၉၉ | ၂၀၆ | ၄၀၅ |
| ၂ | ကွိုင်ငံ့ | ၉၀ | ၂၇၀ | ၂၅၅ | ၅၂၅ |
| ၃ | ခူးပရာပတိုင် | ၁၄၀ | ၃၈၂ | ၃၉၈ | ၇၈၀ |
| ၄ | ငံရိုး | ၆၅ | ၁၉၉ | ၁၉၇ | ၃၉၆ |
| ၅ | ဆိုဒဲခူ | ၄၆ | ၁၁၈ | ၁၂၆ | ၂၄၄ |
| ၆ | ဆီးသင့်ကုန်း | ၃၅ | ၆၅ | ၆၆ | ၁၃၁ |
| ၇ | ဒိုင်းလင်းအေးသာ | ၃၁ | ၆၅ | ၅၃ | ၁၁၈ |
| ၈ | ယူဆမူဆို | ၈၇ | ၂၉၇ | ၃၁၅ | ၆၁၂ |
| ၉ | ဆောင်ဒူလာ | ၇၁ | ၂၅၀ | ၂၁၀ | ၄၆၀ |
| ၁၀ | ဆောင်ပထန် | ၇၁ | ၁၉၃ | ၁၆၃ | ၃၅၆ |
| ၁၁ | ဒေါ်တဝီ | ၅၈ | ၁၄၆ | ၁၄၇ | ၂၉၃ |
| ၁၂ | အေနောင်ပုလဲ | ၇၄ | ၁၉၈ | ၂၁၀ | ၄၀၈ |
| စုစုပေါင်း | | ၈၃၇ | ၂၃၈၂ | ၂၃၄၆ | ၄၇၂၈ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၂၆) = (၄၃) ဦး

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

အနောက်ပုလဲကျေးရွာသည် အိမ်ခြေ (၇၄) လုံးရှိသည်။ ကျေးရွာ၏အလယ်တွင် ဆောင်ဒူလာကျေးရွာအုပ်စု သို့ သွားသောလမ်းမကြီး (၁) လမ်းရှိသည်။ ထိုရွာတွင်း သက်ကြီးရွယ်အို ဦးဆောင်သော အိမ်ခြေများကို အနီရောင်ဝိုင်းဖြင့် ပြသထားပြီး အမျိုးသမီးဦးစီးသော အိမ်ခြေများကို အနီဝိုင်းနှင့် အမှန်ခြစ်ပြထားသဖြင့် ထင်ရှားစွာမြင်တွေ့နိုင်ပါသည်။ ထိုကျေးရွာတွင် ကယန်းလူမျိုးတစ်မျိုးတည်း နေထိုင်ကြပြီး၊ ခရစ်ယာန်ဘာသာတစ်ခု တည်းကိုသာ ယုံကြည်ကိုးကွယ် ကြပါသည်။ ကျေးရွာသည် အလွန်စည်းလုံးမှုရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကျေးရွာ၏ အနောက်ဘက်တွင် သစ်တောဖြင့် ပြည့်နေသော တောင်တန်းရှိပြီး ထိုသစ်တောမှ သစ်အရင်းအမြစ်များသာမက ကျောက်များကိုပါ မိုင်းခွဲပြီး အသုံးပြုနေကြပါသည်။ ကျေးရွာမှ ဆောင်ဒူလာ ကျေးရွာသို့ သွားရောက်သည့် မြောက်ဘက်ပိုင်းတွင်သာမက အရှေ့ဘက်တွင်လည်း ကျေးရွာပိုင်တောင်ယာ ခင်းများရှိပါသည်။

ကျေးရွာ၏ တောင်ဘက်တွင် ဒိုင်းလင်းအေးသာကျေးရွာ၊ မြောက်ဘက်တွင် ဆောင်ဒူလာကျေးရွာ နှင့် အရှေ့တောင်ဘက်တွင် မြေနီကုန်းကျေးရွာတို့နှင့် ကျေးရွာချင်း ထိစပ်လျှက် ရှိနေပြီး လွိုင်ကော်-တောင်ငူလမ်းမကြီးပေါ်တွင် တည်ရှိပါသဖြင့် အချက်အချာကျရာတွင် လျင်မြန်မည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းနှင့် သာသနာကျောင်းဝိုင်း၊ မူကြိုကျောင်း၊ ဘောလုံးကွင်း နှင့် စာသင်ကျောင်း စသည်တို့ရှိပါသည်။ ထိုကျေးရွာသည် တောင်ခြေရင်းတွင် တည်ရှိသော ရွာဖြစ်သဖြင့် ရေရှားပါးပြီး မိုးရာသီမဟုတ်သော ကာလများတွင် အခြားအန်ဂျီအို မှ ထောက်ပံ့တည်ဆောက်ပေးခဲ့သော မိုးရေလှောင်ကန်များဖြင့်သာ ရေအသုံးပြုနေကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာသမိုင်းအကျဉ်းချုပ်


ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဆောင်ဒူလာအုပ်စု၊ အနောင်ပုလဲကျေးရွာသည် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် ရှိမုန် နှင့် ဆွေကျော် တို့နှစ်ယောက် က ကျေးရွာကို စတင်တည်ထောင်ခဲ့သည်။ အိမ်ခြေ (၄) အိမ်ဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအချိန်တွင် အိမ်ခြေ (၇၄) အိမ်တည်ရှိသည်။ အနောင်ပုလဲကျေးရွာတွင် လာရောက်နေထိုင်သော မျိုးနွယ်စုများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(၁) ဆူဘလို မျိုးနွယ်စု၊
(၂) သမားစူ မျိုးနွယ်စု၊
(၃) ရအိုင်းပြာ မျိုးနွယ်စု
(၄) ငတို မျိုးနွယ်စုသည်ဖြင့် မျိုးနွယ်စု (၄) စု တို့က စုပေါင်းနေထိုင်လေ သည်။

အခြားလူမျိုးများအား နေထိုင်ခွင့်မပြုချေ။ အနောင်ပုလဲရွာအတွင်း လာရောက်နေထိုင်သော အကျင့်စာရိတ္တများနှင့် စောင့်ထိန်းအပ်သောကျင့်ဝတ်များကို ဖောက်ဖျက်သူ တစ်ဦးရှိပါက ဝိုင်းဝန်းပြီး ပညာပေးပွဲပြင်မှု ပြုလုပ်သော်လည်း နာခံမှုမရှိပါက အများဆန္ဒအရ၊ ရွာတွင်းမှ ထုတ်ပယ်ခံရပါသည်။ အိမ်မြေကွက်ကို ရောင်းခြင်း၊ ဝယ်ခြင်းမပြုရ။ အိမ်ရောင်းလိုပါက အသိုင်းအဝိုင်းထဲမှ ရောင်းပြီး မိမိစိုက်ပျိုးထားသော သီးစားပင်များကိုလည်း လွှဲပြောင်းပေးရမည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနစံသတ်မှတ်ချက်

ကျေးရွာ - အေးနောင်ပုလဲ   အုပ်စု - အောင်ဒူလာ (15/12/2016)

ပါဝင်ဆွေးနွေးသူ - ကျား ( 17 ) + မ ( 26 ) = ( 43 ) ဦး

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| A | တော်လာဂျီ၊ ကိုင်းရှည်၊ လယ် (၅) ဧက၊ ခြံ (၁) ဧက၊ တိုက်ခံအိမ်၊ ထယ်၊ ဆိုင်ကယ်၊ နွား ၂ ကောင် | 3 | 4% |
| B | လယ် ၁ ဧက၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ တော်လာဂျီ / စက်၊ နွားမည်း၊ စက်ဘီး၊ ခြံ ၁ ဧက၊ ကျွဲ? | 33 | 45% |
| C | နေ့စားလိုက်၊ ဝါးအိမ်၊ ခြံ ၁ ကွက်၊ စက်ဘီး၊ ကျွဲ? | 38 | 51% |
| | | 74 | 100% |

*ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၂၆) = (၄၃) ဦး*


အနောက်ပုလဲကျေးရွာတွင် အိမ်ခြေ (၇၄) လုံးရှိသည့်အနက် (၃) အိမ်ထောင်စုမှာ (အေ) အဆင့်၊ အိမ်ထောင်စု (၃၃) မှာ (ဘီ) အဆင့် နှင့် အိမ်ထောင်စု (၃၈) စုမှာ (စီ) အဆင့်ဟု အသီးသီး သတ်မှတ်ထားပါသည်။ (အေ) အဆင့် ပိုင်ဆိုင်သည်များမှာ ထော်လာဂျီ၊ ကိုင်းရှည်၊ လယ် (၂) ဧက၊ တိုက်ခံအိမ် (၂) ထပ်၊ ဆိုင်ကယ် နှင့် နွား (၂) ကောင်တို့ဖြစ်ပါသည်။ ယခင်နှစ်ထက်စာလျှင် (ဘီ) အဆင့်မှ (အေ) အဆင့်သို့ အိမ်ထောင်စု (၂) စုတိုးတက်လာခြင်းသည် ကောင်းမွန်သောတိုးတက်မှု တစ်ခုပင်ဖြစ်ပါသည်။

အဆင့် (ဘီ) ရှိသောအိမ်ထောင်စုများသည် လယ် (၁) ဧက၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊စက်၊ နွားလှည်း၊ စက်ဘီး၊ခြံ (၁) ဧက နှင့် သားသမီးများကို ဘွဲ့ရသည်အထိ ပညာရေးထောက်ပံ့ပေးနိုင်ပါသည်။ အဆင့် (စီ) ရှိသောအိမ်ထောင်စုများသည် နေ့စားလုပ်ခြင်းဖြင့် အသက်မွေးရသဖြင့် စားဝတ်နေရေးခက်ခဲခြင်း၊ စက်ဘီး၊ ခြံကွက် (၁) ကွက်ခန့် ပိုင်ဆိုင်သော်လည်း ငွေကြေးမတတ်နိုင်သောကြောင့် အိမ်ငှားဖြင့်သာ နေထိုင်ရခြင်း၊ သားသမီးများကို ပညာတတ်ဘွဲ့ရ ဖြစ်သည်အထိ ကြိုးစားထောက်ပံ့နေကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။ အနောက်ပုလဲကျေးရွာသည် ဆင်းရဲသည့် အိမ်ထောင်စုများသဖြင့် ရွာ၏ ဖွံ့ဖြိုးမှု နှောင့်နှေးနေခြင်း ဖြစ်ပါသည်။

ထိုအဆင့်များကို ရာခိုင်နှုန်းဖြင့် ဖော်ပြလျှင် (အေ) အဆင့်- ၄%၊ (ဘီ) အဆင့် - ၄၅% နှင့် (စီ) အဆင့် ( ၅၁%) စသည်တို့ပင်ဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျား/မ ပင့်ကူအိမ်



ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၂၆) = (၄၃) ဦး


### ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

အနောက်ပုလဲကျေးရွာသည် လူမျိုးတစ်စုတည်း ဘာသာတစ်ခုတည်းသာ ကိုးကွယ်နေထိုင်ကြသဖြင့် စည်းလုံးမှုရှိသောကျေးရွာတစ်ရွာအဖြစ် သုံးသပ်မိပါသည်။ ကျေးရွာ၏ သာရေးနာရေး ကိစ္စအဝဝ ဦးဆောင်ပိုင်ခွင့်တွင် အမျိုးသမီးအနေဖြင့် အမျိုးသားများထက် အဆင့်နိမ့်ကျနေခြင်းမှာ အိမ်တွင်းမှုတွင် ပိုမို လုပ်ဆောင်နေရခြင်း၊ ရှေးအစဉ်အလာအရ အမျိုးသားများ ဦးဆောင်၍ အမျိုးသမီးများမှာ အမျိုးသားများ၏ သြဇာလွှမ်းမိုးမှု အောက်တွင်သာ ရှိခြင်းဖြစ်ကြောင်း သုံးသပ်ကြပါသည်။ သို့သော် ယနေ့အခြေအနေတွင် ပညာရေးအရသော်လည်းကောင်း ၊ ရွာတွင်းအလုပ်များတွင်သော်လည်းကောင်း၊ မိမိကိုယ်ကို ယုံကြည်မှု တွင် သော်လည်းကောင်း၊ ရပ်ရွာရေးပူးပေါင်းပါဝင်မှုတွင် သော်လည်းကောင်း ကျား-မတန်းတူဖြစ်လာခြင်းမှာ ကောင်းမွန်သောအခြေအနေများဖြစ်ကြောင်း ဖော်ထုတ်ဆွေးနွေးကြပါသည်။

သို့သော် ယနေ့အချိန်ထိမပျက်ပြယ်နိုင်သော ဓလေ့လွှမ်းမိုးမှုတစ်ခုဖြစ်သော အမွေရပိုင်ခွင့်တွင် အမျိုးသမီးများအနေဖြင့် အောက်ခြေအဆင့်တွင်သာ ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ ထိုအချက်နှင့် ဆက်စပ်ကာ အမျိုးသမီးများအနေဖြင့် အိမ်တွင်းအခြေအနေတွင် ဖြစ်စေ၊ ရပ်ရွာရေး အခြေအနေတွင် ဖြစ်စေ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အပြည့်အဝ မရရှိသေးကြောင်း သုံးသပ်ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၂၆) = (၄၃) ဦး*


## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

အနောက်ပုလဲကျေးရွာတွင်းနှင့် ပြင်ပရှိ အဖွဲ့အစည်းများချိတ်ဆက်မှုကို ဖော်ထုတ်ဆွေးနွေးစေခဲ့ရာ ကျေးရွာတွင်အဖွဲ့အစည်းပေါင်း (၁၀) ဖွဲ့နှင့် ရွာပြင်ပတွင် (၂) ဖွဲ့ရှိကြောင်း တင်ပြကြပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းများအနက် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့နှင့် သာသနာခေါင်းဆောင်များသည် ဩဇာလွှမ်းမိုးမှု အများဆုံးဖြစ်ပြီး သာရေးနာရေး၊ လူမှုရေးအဝဝတွင် အချိတ်အဆက်မိမိလုပ်ဆောင်သွားကြကြောင်း ဖော်ထုတ်ခဲ့ကြပါသည်။

အခြားသော ကျန်းမာရေးဌာန၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ နှင့် မေတ္တာဖောင်ဒေးရှင်း အဖွဲ့တို့သည် အုပ်ချုပ်ရေးအဖွဲ့မှ တဆင့်သာ စီမံကိန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ကျေးရွာလူထုဖြင့် ချိတ်ဆက် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ပုလဲအင်းအသင်းသည် ကျေးရွာတွင်းအဖွဲ့ဖြစ်သဖြင့် လူထုနှင့်တိုက်ရိုက်ချိတ်ဆက်မှု ရှိပါသည်။ အမျိုးသားဌာန၊ အမျိုးသမီးဌာန နှင့် ကလေး ဌာနများသည် ဘာသာရေးအဖွဲ့များ ဖြစ်သည့်အလျောက် သာသနာခေါင်းဆောင်များ၏ လမ်းညွှန်မှုအောက်တွင်သာ လှုပ်ရှားကြကြောင်း တင်ပြကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ရာသီခွင်ပြ ပြက္ခဒိန်




*ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၂၆) = (၄၃) ဦး*

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

အနောင်ပုလဲကျေးရွာ၏ အဓိကကျသော အလုပ်အကိုင်အရင်းအမြစ်မှာ လယ်ယာမြေများဖြစ်ပြီး စိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်းဖူး နှင့် မြေပဲတို့ဖြစ်ပါသည်။ နွေစပါးကို မတ်လတွင်စိုက်ပျိုးပြီး ဇူလိုင်လတွင် အချို့နှင့်ဩဂုတ်လတွင် အများဆုံးရိတ်သိမ်းကြပါသည်။ ထိုရိတ်သိမ်းချိန်တွင်ပင် မိုးစပါးကို ပြန်လည် စိုက်ပျိုးကြကာ နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ပြန်လည်ရိတ်သိမ်း ကြပါသည်။

ခရစ်ယာန်ဘာသာဝင်များဖြစ်သည့်အလျောက် ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်ကို ဧပြီလ နှင့် ဒီဇင်ဘာလတို့တွင် ကျင်းပလေ့ရှိပါသည်။ မိုးရေကိုသာ အားထားအသုံးပြုနေကြသဖြင့် မိုးရာသီမှအပ ကျန်ရာသီများတွင် ရေရှားပါးခြင်းပြဿနာဖြင့် ကြုံတွေ့နေရပါသည်။ ကျန်းမာရေးချို့တဲ့ချိန်သည် အများအားဖြင့် ရာသီကူးပြောင်းသော အောက်တိုဘာနှင့် နိုဝင်ဘာလတွင် ဖြစ်လေ့ရှိပါသည်။ ထိုရွာသည် ကယန်းလူမျိုးတစ်စုတည်း ဘာသာတစ်ခုတည်း ကိုးကွယ်သည့်အလျောက် စည်းလုံးညီညွတ်စွာဖြင့် ရွာလုံးကျွတ် သန့်ရှင်းရေးပြုလုပ်ခြင်းကို နှစ်စဉ် ဇန်နဝါရီလ နှင့် ဒီဇင်ဘာလတို့တွင်ပြုလုပ်ကြပါသသည်။

အလုပ်နည်းပါးသောကာလတွင် အချို့မှာကျေးရွာပြင်ပသို့ သွားရောက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရှာဖွေကြပါသည်။ တောင်သူများ ဖြစ်သည့်အားလျော်စွာ သီးနှံရောင်းချမှုများသော ဇူလိုင်လ တွင်သာ ဝင်ငွေပိုများ ကြောင်း သုံးသပ်ကြပါသည်။ရွာတွင်းလမ်းအများစုမှာ မြေသားလမ်း အဆင့်သာရှိသဖြင့် မိုးတွင်းသွားလာရေး ခက်ခဲကြောင်း တွေ့ရှိနိုင်ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | ဖုန်း |
|---|---|---|---|---|---|
| ၁ | အကြံပြုတိုင်၊ ဖြေရှင်း | ဒေါ်လူးစေ | ၅၅ | အဖွဲ့ဝင် | ၀၉၇၈၆၄၉၈၀၇၈ |
| ၂ | ငွေစာရင်းကိုင် | ဒေါ်ဖွီးစီဖေါ | ၄၁ | | ၀၉၇၈၈၄၉၁၇၀၅ |
| ၃ | စောင့်ကြည့်ကြီးကြပ် | ဒေါ်အယ်ဗလုဝါး | ၃၆ | အဖွဲ့ဝင် | |
| ၄ | လည်ပတ်၊ ပြုပြင် | ဦးရီးချက် | ၃၆ | ခေါင်းဆောင် | |
| ၅ | အကြံပြုတိုင်၊ ဖြေရှင်း | ဦးစိုင်းတာ | ၅၃ | အဖွဲ့ဝင် | ၀၉၇၈၀၁၆၆၉၈၆ |
| ၆ | စောင့်ကြည့်ကြီးကြပ် | ဦးဂျိုးနီ | ၄၁ | အဖွဲ့ဝင် | ၀၉၇၉၃၈၅၀၈၀၄ |
| ၇ | လည်ပတ်၊ ပြုပြင် | ဦးကျူးဘာ | ၄၇ | အဖွဲ့ဝင် | ၀၉၇၉၀၄၂၃၁၈၇ |
| ၈ | စောင့်ကြည့်ကြီးကြပ် | ဦးအိုင်ဒီစိုင်း | ၃၆ | ခေါင်းဆောင် | ၀၉၃၀၂၀၉၉၄၇ |
| ၉ | စီမံကိန်း အထောက်အကူပြု | ဦးရောနရီစိန် | ၂၃ | ဥက္ကဌ | ၀၉၇၉၀၄၁၃၈၇၆ |
| ၁၀ | စေတနာ့ဝန်ထမ်း | ဦးသာထူးအေး | ၂၃ | | ၀၉၂၆၄၁၅၇၁၀ |
| ၁၁ | ဝယ်ယူရေး | ဦးရောနာ | ၃၉ | အဖွဲ့ဝင် | |
| ၁၂ | ဝယ်ယူရေး | ဦးမာကု | ၂၈ | ခေါင်းဆောင် | ၀၉၇၈၆၆၃၉၈၀၁ |
| ၁၃ | စေတနာ့ဝန်ထမ်း | ဒေါ်အာရ်ဒေးလီယာ | ၂၇ | | ၀၉၃၂၅၀၄၉၈၁ |
| ၁၄ | လည်ပတ်၊ ပြုပြင် | ဒေါ်ယူနဲစေ | ၄၂ | အဖွဲ့ဝင် | |
| ၁၅ | စီမံကိန်း အထောက်အကူပြု | ဒေါ်ဖလော်ရာဦး | ၃၂ | ဥက္ကဌ | ၀၉၄၉၃၀၄၁၅၁ |
| ၁၆ | ဝယ်ယူရေး | ဒေါ်အယ်ဗလုဖေါ | ၂၂ | အဖွဲ့ဝင် | ၀၉၇၈၀၁၂၀၀၆၁ |



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ







## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအွန်းရေမူး | 09-780460168 | ဒေါ်ကောသီလှိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဆောင်ဒူလာ | ကျေးရွာ အနောင်ပုလဲ |
|---|---|---|---|

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | 74 | ဘာသာ (၁) ခရစ်ယာန် | 74 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ([illegible]) <br> မ - (13) | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 198 | 210 |
| လူမျိုးစု (၁)---ကယန်း------- | 198 | 210 |
| လူမျိုးစု (၂) ---------------------- | | |
| လူမျိုးစု (၃) ---------------------- | | |
| လူမျိုးစု (၄) ---------------------- | | |
| လူမျိုးစု (၅) ---------------------- | | |
| အိမ်ထောင်ဦးစီး | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2013 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.3 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:05:00 ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် 00:05:00 ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ 1999-2000 (မိုးခေါင်ရေရှား)
2015 (သိုးနှံပိုးမွှားဖျက်ဆီး)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------

(၂) NDL

ကျေးရွာခေါင်းဆောင် အမည် ဦးဆန်းဇော်မှူး

လက်မှတ် ---- နေ့စွဲ 15/12/16

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ကြေအိုလှိုင်

လက်မှတ် ---- နေ့စွဲ 15/12/16

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား   (PC-2)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီလှိုင် | | | |
| နေ့စွဲ ၁၆-၀၂-၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဆောင်ဒူလာ | ကျေးရွာ အေနောင်ပုလဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15/12/16 | 15/12/16 | 17 | 26 | 43 | ကယန်း 43 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16/12/16 | 16/12/16 | 14 | 23 | 37 | ကယန်း 37 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 11/1/17 | 11/1/17 | 18 | 18 | 36 | ကယန်း 32<br>ကယား 4 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

# ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

| | |
|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြေသိန်းမြိုင် | |
| နေ့စွဲ ၁၆ - ၁၂ - ၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / ဒီးမော့ဆိုမြို့နယ် | ကျေးရွာအုပ်စု ဓနော့ခွေ့လှ / ကျေးရွာ အနော်ပုလဲ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရောဂါပါ ဖြစ်၊ ကျောင်းတက်ကိုယ်ရည်သွေးအားနည်း | ၁ | သောက်သုံး ရေရှား ပါး ခြင်း |
| ၂ | အစား အစာချက်ပြုတ်ရန်ရေမလောက်ငှ | ၂ | မိုးတွင်းသွားလာရေး ခက်ခဲခြင်း၊ |
| ၃ | ငွေကြေးချို့တဲ့ခြင်း | ၃ | ချက်ပြုတ်ရာတွင် ပိုမိုအချိန်ကြာ (ထင်း၊ မီးဖြင့်အသုံးမှု) |
| ၄ | စာမေးပွဲဖြေရန်ခက်ခဲ (မီး မရှိခြင်း - အချို့) | ၄ | ဆေးကုသရန်ငွေကြေး ချို့တဲ့ ၊ လူထုအမှုဖော်ပိုသူတာနည်းပါး |
| ၅ | အရင်းအနှီး မရှိခြင်း | ၅ | လမ်းချော်သဖြင့် ဝင်ငွေ(ကုန်)မရှိခြင်း |

၆ မိုးတွင်း သွားလာရေး ခက်
၇ ဆင်းကန်း မြေလုပ်ရန် ငွေရာမရှိခြင်း

၆ စာမေးပွဲ အမြဲ သင်ကြားရေး ခက်ခဲ ၊ အစည်း အဝေးမြေလုပ်ရန် ငွေရှာခက်ခဲ (တာကြည့်တိုက်)

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး လင်းချင်သည် | ၁ | အိမ်တိုင်း ရေလုံလောက်စွာရရှိချင်သည် |
| ၂ | ရွာလမ်းများအား ကျောက်ခင်းလမ်းဖြစ်ချင် | ၂ | လျှပ်စစ်မီး ရရှိချင်သည် |
| ၃ | ဆေးပေးခန်းရှိချင်၊ ခန်းမဆောင်ရှိချင် | ၃ | ရွာလမ်းများကို ကျောက်ခင်း လမ်းဖြစ်ချင်သည် |
| ၄ | သောက်သုံးရေလုံလောက်စွာရရှိချင် | ၄ | ကျေးရွာပိုင်ဆေးခန်းရှိချင်သည် |
| ၅ | စာကြည့်တိုက် လိုချင် | ၅ | ညာတာကျက်ဝိုင်းရှိချင်၊ ခန်းမဆောင်ရှိချင် |

၆ စာသင်ကျောင်း တိုးချဲ့ချင်သည်

၆ စာကြည့်တိုက်ရှိချင် ၊ အလယ်တန်းကျောင်းရှိချင်သည်

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောက်ခင်းလမ်း(ရွာတွင်း) | ကျ + မ | | 408 |
| ၂ | ခန်းမဆောင် | ကျ + မ | | 408 |
| ၃ | စာကြည့်တိုက် (18' x 27' x 12') | ကျ + မ | | 408 |
| ၄ | စာသင်ကျောင်း တိုးချဲ့ | ကျ + မ | | 408 |
| ၅ | ရေရရှိရေး (မိုးရေလှောင်ကန်) | ကျ + မ | | 408 |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေး ပေးခန်း | ကျ + မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---------------- လက်မှတ် ---------------- နေ့စွဲ 16/12/2016

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ( အနောက်ပုလဲ )

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျောက်ချောလမ်း | ☑ မ ☑ များ | | |
| | ၂ | ကျေးရွာခန်းမဆောင် | ☑ မ ☑ များ | | |
| | ၃ | စာကြည့်တိုက် | ☑ မ ☑ များ | | |
| | ၄ | စာသင်ကျောင်း တိုးချဲ့မွမ်းမံခြင်း၊ | ☑ မ ☑ များ | | |
| | ၅ | မိုးရေလှောင်ကန် တည်ဆောက်ခြင်း၊ | ☑ မ ☑ များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☑ မ ☑ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ပညာရေး | ၁ | | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |

## ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

*လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်အေးသလှမော | | | |
| နေ့စွဲ 11.1.2017 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဆောင်ဒူလာ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဆောင်ဒူလာ | ကျေးရွာဆိုင်း မဆောင် | 90'×30'×13' | ကျေးရွာလူထု | □ ကျား □ မ ☑ ကျား+ မ | ၃၅,၀၀၀,၀၀၀ | | | | ၂၂,၀၀၀,၀၀၀ |
| ပူသယ်ဆို | ရွာတွင်းလမ်း ကျောက်ချော | 1200'×12'×4" | " | □ ကျား □ မ □ ကျား+ မ | ၁၂,၈၀၀,၀၀၀ | | | | ၁၂,၈၀၀,၀၀၀ |
| ဆော်ပတ | စာသင်ကျောင်း ပြုပြင်ခြင်း | (365'×30')×2 | " | □ ကျား □ မ □ ကျား+ မ | ၁၄,၀၀၀,၀၀၀ | | | | ၁၄,၀၀၀,၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးဝကျာ့းရို လက်မှတ် [signature] ရက်စွဲ 11-1.17

ဒေါ်အေးမော [signature] 11.1.17

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

**(၁၅-၁၂-၂၀၁၆) ရက်နေ့တွင် ဆောင်ဒူလာကျေးရွာအုပ်စု၊ အနေနောင်ပုလဲကျေးရွာ၊ သာသနာနေအိမ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အစည်းအဝေးမှတ်တမ်း**

တက်ရောက်သူဦးရေ - ကျား (၁၇) + မ (၂၆) = (၄၃) ဦး

ရည်ရွယ်ချက် (၁) လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများ ရှင်းလင်းနိုင်ရန်

(၂) ကျေးရွာလူထုအား စီမံကိန်းစက်ဝန်း၊ စီမံကိန်းလုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်ရှောင်ရန်များကို သိရှိနားလည်စေရန်။

(၃) စီမံကိန်းနှင့်သက်ဆိုင်သောသူများကိုရှင်းပြနိုင်စေရန်။

(၄) စေတနာ့ဝန်ထမ်းရွေးချယ်နိုင်ရန်။

(၅) လူမှုဆန်းစစ်ချက်များပြုလုပ်နိုင်ရန်။

ပထမအကြိမ်အစည်းအဝေးကိုမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းနေမူး မှ အဖွင့်အမှာစကား ပြောကြားခြင်း အစီအစဉ်ပင်ဖြစ်ပါသည်။ ထို့နောက် တာဝန်ကျဆရာမ ဒေါ်ကေသီလှိုင် မှ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းကို အချက် (၁၅) ချက်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တစ်ဆက် တည်းမှာပင် လူထုဗဟိုပြုစီမံကိန်းစက်ဝန်း (အပိုင်း ၆ ပိုင်း နှင့် အဆင့် ၁၄ ဆင့်) ကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြုလုပ်ရမည့် အစီအစဉ်အရ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစီအစဉ်ဖြစ်ပြီး ကျေးရွာအနေဖြင့် ယခင်ရွေးချယ်ထားပြီးသော စေတနာ့ဝန်ထမ်းကိုသာ ပြန်လည်အတည်ပြုသဖြင့် အသစ်ထပ်မံရွေးချယ်ရန် မလိုအပ်ချေ။ ထို့နောက် စီမံကိန်းနှင့် ပါဝင် ပတ်သက်သူများကို ဆက်လက်ရှင်းလင်း တင်ပြပေးခဲ့ပါသည်။

ထို့နောက် လူမှုဆန်းစစ်ချက်လုပ်ဆောင်ချက်များကို ကျေးရွာလူထုနှင့်အတူ ဆန်းစစ်ဖော်ထုတ်ခဲ့ကြရာတွင် ယခင်နှစ်ပြုလုပ်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်ကို မှီငြမ်းပြီး ဖြည့်စွက်အတည်ပြုခဲ့ကြပါသည်။ ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များမှာ - လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနကြွယ်ဝမှုသတ်မှတ်ချက်၊ ကျား-မရေးရာပိုင်ဆိုင်မှုနှင့် ထိမ်းချုပ်မှု၊ ရာသီခွင်ပြဇယားရေးဆွဲခြင်း၊ ပင့်ကူအိမ်သုံးသပ်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအခြေပြဇယား စသည်တို့ပင်ဖြစ်ပါသည်။

ထိုအစီစဉ်များ အားလုံးပြီးနောက် ပထမအကြိမ် ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၃:၀၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## (၃-၁၂-၂၀၁၆) ရက်နေ့တွင် ဆောင်ဒူလာကျေးရွာအုပ်စု၊ ဒိုင်းလင်းအေးသာ ကျေးရွာ၊ ကျေးရွာခန်းမဆောင် တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

တက်ရောက်သူဦးရေ - ကျား (၁၄) + မ (၂၃) = (၃၇) ဦး

ရည်ရွယ်ချက် (၁) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်းနှင့်

(၂) ကျေးရွာကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း။

ဒုတိယအကြိမ်အစည်းအဝေးမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ပထမအကြိမ် ကျေးရွာ အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များအား ကျေးရွာလူထုသို့ ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ ထို့နောက် တာဝန်ကျ ဆရာမ ဒေါ်ကေသီလှိုင်မှ အခက်အခဲ ပြဿနာစာရင်း၊ ဦးစားပေး မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များစာရင်းကို ပြန်လည်ဖော်ထုတ် ဆွေးနွေးစေခဲ့ပါသည်။

ထို့နောက် လုပ်ငန်းရွေးချယ်အတည်ပြုခြင်းကို ကောင်းမွန်စွာ ရွေးချယ်နိုင်ရန် အကျုံးဝင်သော လုပ်ငန်း/ အကျုံးမဝင်သော လုပ်ငန်းများ ကိုရှင်းလင်းပြပေးခဲ့ပါသည်။ ထို့နောက် ဦးစားပေး အဆင့်သတ်မှတ်ခြင်းကို အတည်ပြုရွေးချယ်စေခဲ့ပါသည်။

ပြီးသည်နှင့် အကာအကွယ်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် လုပ်ငန်းဆောင်ရန် ရှောင်ရန်များကို ဆက်လက်ရှင်းပြပေးခဲ့ပါသည်။ ကော်မတီဝင်များ အပြောင်းအလဲမရှိသဖြင့် ပြန်လည်ဖွဲ့စည်းရန် မလိုအပ်ပါ။ ထို့နောက် အကြံပြုတိုင်ကြားရေး စနစ်ကို ရှင်းပြပြီး အစီအစဉ် များ အားလုံးပြီးနောက် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၂:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၅-၁၂-၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၈ | ၁၃ | ၂၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၁၅-၁၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၈ | ၁၃ | ၂၁ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၁၅-၁၂-၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၈ | ၁၃ | ၂၁ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၅-၁၂-၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၈ | ၁၃ | ၂၁ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၅-၁၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၈ | ၁၃ | ၂၁ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁၅-၁၂ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၁၇ | ၂၆ | ၄၃ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၁၆-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၁၄ | ၂၃ | ၃၇ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၁၆-၁၂ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၁၄ | ၂၃ | ၃၇ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၁၆-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၁၄ | ၂၃ | ၃၇ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၁၆-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၁၄ | ၂၃ | ၃၇ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၁၅-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၁၇ | ၂၆ | ၄၃ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များကို ဖော်ထုတ်ခြင်း |